ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်

# ဘဏ္ဍာရေးမူဝါဒစာတမ်း

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာရေးမူဝါဒ | ၂ |
| ၄။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် ရငွေမူဝါဒ | ၂ |
| | (က) အခွန်မူဝါဒ | ၂-၃ |
| ၅။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် အသုံးစရိတ်မူဝါဒ | ၃ |
| | (က) သာမန်အသုံးစရိတ်မူဝါဒ | ၃-၄ |
| | (ခ) ငွေလုံးငွေရင်းအသုံးစရိတ်မူဝါဒ | ၄-၅ |
| | (ဂ) ကြွေးမြီအသုံးစရိတ်မူဝါဒ | ၅ |
| ၆။ | နိုင်ငံတော်၏စီးပွားရေးအခြေအနေအကျဉ်းချုပ်တင်ပြချက် | ၅-၆ |
| ၇။ | ၂၀၂၁-၂၀၂၂(၆)လမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်ဆောင်ရွက်မှု အကျဉ်းချုပ် | ၇ |
| | (က) ရငွေအခြေအနေ | ၇-၉ |
| | (ခ) သုံးငွေအခြေအနေ | ၉-၁၁ |
| | (ဂ) သီးသန့်ငွေကြေးပမာဏ၊ လိုငွေဖြည့်ဆည်းမှုနှင့် ပြည်တွင်းပြည်ပ ကြွေးမြီအခြေအနေ | ၁၁-၁၃ |
| ၈။ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် ခန့်မှန်းချက်များ | ၁၃ |
| | (က) နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် | ၁၃ |
| | (ခ) ရငွေနှင့်သုံးငွေလျာထားချက်များ | ၁၄ |
| | (ဂ) ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ | ၁၅ |
| | (ဃ) အရေးပေါ်ရန်ပုံငွေ | ၁၅ |
| | (င) ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ၁၅-၁၆ |
| | (စ) အခွန်ဝေစု | ၁၆ |
| | (ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ | ၁၇ |
| | (ဇ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၁၇ |
| | (ဈ) အစိုးရ၏ လိုငွေဖြည့်ဆည်းခြင်း | ၁၈ |
| ၉။ | နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ဦးစားပေးအစီအစဉ်များ | ၁၈-၁၉ |
| ၁၀။ | ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများ | ၁၉ |
| ၁၁။ | ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ | ၂၀ |
| ၁၂။ | ဘဏ္ဍာရေးမဟာဗျူဟာ | ၂၀-၂၁ |
| ၁၃။ | နိဂုံး | ၂၁ |

## နိဒါန်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ပြန်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးမူဝါဒစာတမ်းသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့်နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ဦးတည်ချက်များ အောင်မြင်စေရန် ပြည်သူ့ဘဏ္ဍာငွေများအား ထိရောက်စွာ စီမံခန့်ခွဲရေး၊ နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရေး၊ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုတိုးတက်စေရေးနှင့် အခွန်ရငွေများ၊ အသုံးစရိတ်များနှင့် ပြည်တွင်းပြည်ပချေးယူရငွေအခြေအနေများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အလွယ်တကူ နားလည်နိုင်စေရန် ပြုစုထားခြင်းဖြစ်ပါသည်။

၂။ ဤစာတမ်းတွင် ပါရှိသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်း (Budget Estimate) အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ကိန်းဂဏန်းဖော်ပြချက်များ အပါအဝင် ဖော်ပြချက်များအားလုံးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အခြေခံ၍ ပြုစုထားသော မူလခန့်မှန်းခြေငွေစာရင်းများ ဖြစ်ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ရငွေနှင့်သက်ဆိုင်သောပုဒ်မများအရ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် အဆိုပါဥပဒေ၌ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရရှိနိုင်ခြင်းနှင့် သုံးငွေနှင့်သက်ဆိုင်သော ပုဒ်မများအရ သုံးငွေများကို စီမံခန့်ခွဲရာတွင် အဆိုပါဥပဒေ၌ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းတို့အရ ပိုမို၍ဖြစ်စေ၊ လျော့နည်း၍ဖြစ်စေ သုံးစွဲခြင်းတို့ကြောင့် ပြောင်းလဲနိုင်ပါသည်။

## ရည်ရွယ်ချက်

၃။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ပညာရေးနှင့်ကျန်းမာရေးအသုံးစရိတ်များတိုးမြှင့်သုံးစွဲရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့်ရငွေများနှင့်အသုံးစရိတ်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာငွေသုံးစွဲမှုကို စနစ်တကျ ဆောင်ရွက်နိုင်ရေးနှင့် ဌာနအဖွဲ့အစည်းများမှ လျာထားချက် ပြည့်မီစေရေးတို့အပြင် နိုင်ငံတော်အစိုးရ၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန်၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုပိုမိုထိရောက် ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်၊ ထိရောက်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန်နှင့် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်ပါသည်။

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ၊ ဘဏ္ဍာရေးမူဝါဒ

၄။ (က) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ရငွေပမာဏသည် သုံးငွေပမာဏထက်လျော့နည်း၍ လိုငွေပြဘတ်ဂျက်ဖြစ်ပေါ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုတို့၏ စီးပွားရေးအဆိုးသက်ရောက်မှုများကို လျော့ပါးသက်သာရန်နှင့် နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန်၊

(ခ) နိုင်ငံတော်၏ ရငွေအတွက် အဓိကအကျဆုံးဖြစ်သော အခွန်အကောက်များ စနစ်တကျကောက်ခံခြင်း၊ အခွန်နှုန်းထားတိုးမြှင့်ခြင်း မဟုတ်ဘဲ Tax Base ချဲ့ခြင်းဖြင့် ရငွေများကိုယခင်နှစ်များထက် တိုးမြှင့်ရရှိအောင်ဆောင်ရွက်ရန်နှင့် အစိုးရအသုံးစရိတ်များကိုလည်းယခင်နှစ်များထက် တိုးမြှင့်သုံးစွဲရန်၊

(ဂ) အစိုးရအသုံးစရိတ်များ ပိုမိုသုံးစွဲခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ ပြည်တွင်းစားသုံးမှုတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေရေးစသည့် အကျိုးကျေးဇူးများအပြင် ပုဂ္ဂလိကကဏ္ဍ၏ဝယ်လိုအား တိုးတက်စေနိုင်သောကြောင့် နိုင်ငံ၏စီးပွားရေးပြန်လည် ကောင်းမွန်လာစေရေးအတွက် အစိုးရ၏ဦးဆောင်မှုဖြင့် စီးပွားရေးကို လှုပ်နှိုးနိုင်ရေးဆောင်ရွက်ရန်၊

(ဃ) အစိုးရအသုံးစရိတ်များ တိုးမြှင့်သုံးစွဲရာတွင် ပြည်သူ့အကျိုးစီးပွားအတွက် အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ်သောအသုံးစရိတ်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုသည့် အသုံးစရိတ်များကိုသာ ဦးစားပေးသုံးစွဲသွားရန်၊

(င) ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုးကိုသတ်မှတ်ဘောင်အတွင်းထားရှိကာ အခြားအသုံးစရိတ်များကို လျှော့ချသုံးစွဲရန်။

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် ရငွေမူဝါဒ

၅။ နိုင်ငံတော်၏ရငွေအတွက် အဓိကအကျဆုံးဖြစ်သော အခွန်ငွေများကို စနစ်တကျကောက်ခံ၍ စီမံကြီးကြပ်ရန် အခွန်မူဝါဒကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

### (က) အခွန်မူဝါဒ

(၁) ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်ဖြင့် နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေးရန်၊

(၂) မေခရိစီးပွားရေးတည်ငြိမ်စေရန်နှင့် အမျိုးသားစီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက်စားသုံးမှု၊ရင်းနှီးမြှုပ်နှံမှုနှင့်စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၃) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များအကောင်အထည်ဖော်ရေးကိုအထောက် အကူဖြစ်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ် ဖြစ်ထွန်း ပေါ်ပေါက်စေရန်၊

(၄) ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေးICT နည်းပညာများ တိုးချဲ့အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်တစ်ရပ် ပေါ်ပေါက်လာ စေရန်နှင့် အဂတိတရားကင်းရှင်းစေရန်တို့အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self-Assessment System) သို့ ကူးပြောင်း ဆောင်ရွက် မှုများ ဆက်လက်အကောင် အထည်ဖော်ရန်။

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် အသုံးစရိတ်မူဝါဒ**

၆။ ထိရောက်သော အသုံးစရိတ် စီမံခန့်ခွဲမှုဖြစ်စေရေးအတွက် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ခွဲဝေချထားရာ၌ အောက်ပါအတိုင်း ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်-

**(က) သာမန်အသုံးစရိတ်မူဝါဒ**

(၁) ဝန်ထမ်းအင်အားအသစ် ခန့်အပ်ခြင်းများအတွက် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒနှင့်အညီ ခန့်အပ်နိုင်မည့် ဦးရေ၊ ခန့်အပ်နိုင်မည့် အချိန်ကာလတို့ကို အသေးစိတ်တွက်ချက် ဆောင်ရွက်ရန်၊

(၂) အုပ်ချုပ်မှုသုံးစက်သုံးဆီ၊လုပ်ငန်းသုံးစက်သုံးဆီများကို သတ်မှတ်ဈေးနှုန်းဖြင့် တွက်ချက်၍ရန်ပုံငွေခွင့်ပြုဘောင်အတွင်းလောက်ငအောင် လျာထားသုံးစွဲရန်၊

(၃) သွင်းကုန်အစားထိုးရန်နှင့်ပို့ကုန်မြှင့်တင်ရန်တို့အတွက်ပြည်တွင်းကုန်ထုတ် လုပ်မှုမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ တိုးမြှင့်ပေးရန်၊

(၄) လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအသုံးစရိတ်များ တိုးမြှင့်ပေးရန်၊

(၅) ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များနှင့် တစ်မျိုးသားလုံး

သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေး အသုံးစရိတ်များကို တိုးမြှင့်ပေးရန်၊

(၆) နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူ့အကျိုးစီးပွားအတွက် အရေးတကြီး ဆောင်ရွက်ပေးရန် လိုအပ်သော အသုံးစရိတ်များနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၇) တည်ဆောက်ပြီး လက်ရှိအသုံးပြုနေသည့် အခြေခံအဆောက်အအုံများ မွမ်းမံ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို စိစစ်ခွင့်ပြုရန်။

**(ခ) ငွေလုံးငွေရင်းအသုံးစရိတ်မူဝါဒ**

(၁) ရုံးအသစ်တည်ဆောက်ခြင်း၊ ရုံးတိုးချဲ့ခြင်း ၊ သင်တန်းကျောင်း တည်ဆောက် ခြင်း၊ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းများနှင့်စပ်လျဉ်း၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများကိုသာ ဦးစားပေးနေရာဒေသအလိုက် ခွဲခြားလျာထားရန်နှင့် ပုံမှန်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ဆဲဖြစ်သည့် အဆောက်အဦ များအတွက်သာ လျာထားရန်၊

(၂) ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူမှုကိုအနည်းဆုံး လိုအပ်ချက်ကိုသာ စိစစ်လျာထားရန်၊

(၃) သွင်းကုန်အစားထိုးရန်နှင့်ပို့ကုန်မြှင့်တင်ရန်တို့အတွက်ပြည်တွင်းကုန်ထုတ် လုပ်မှုမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးလျာထားရန်၊

(၄) ဆေးရုံ ၊ ကျောင်း၊ တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်း၊ အားကစားကွင်း ဆိုင်ရာ အသုံးစရိတ်များကို နယ်မြေဒေသ ဦးစားပေးအလိုက် လျာထားရန်၊

(၅) လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများတွင် ဆောင်ရွက်ဆဲလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရန်၊

(၆) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျစိစစ်ဆောင်ရွက်ရန် ၊ ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကိုပြည်တွင်းကျပ်ငွေဖြင့်သာဝယ်ယူရန်နှင့် နိုင်ငံခြား ငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန်၊

(၇) နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ပြည်သူ့အကျိုးစီးပွားအတွက်

အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ်သော အသုံးစရိတ်များနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၈) တည်ဆောက်ပြီး လက်ရှိအသုံးပြုနေသည့် အခြေခံအဆောက်အအုံများ မွမ်းမံ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို စိစစ်ခွင့်ပြုရန်။

**(ဂ) ကြွေးမြီအသုံးစရိတ်မူဝါဒ**

(၁) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည့် အရင်း ၊ အတိုးများ အတွက် ပါဝင်အောင် ထည့်သွင်း လျာထားရန်၊

(၂) ရရှိထားပြီးသည့် သို့မဟုတ် ရရန်သေချာသည့် ချေးငွေများကိုသာ ထည့်သွင်း လျာထားရန်၊

(၃) သက်သာမှုရှိသည့် ပြည်ပချေးငွေကိုသာ ရွေးချယ်ရယူရန်၊

(၄) ချေးငွေကိုငွေသားဖြင့်ရယူ၍ ထပ်ဆင့်ထုတ်ချေးထားသောချေးငွေများနှင့် စပ်လျဉ်း၍ပြန်လည်ပေးဆပ်မှုကိုအဆိုပါချေးငွေများ ပြန်လည်ကောက်ခံ ရရှိသည့်ငွေဖြင့်သာပေးဆပ်ရန်နှင့်နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်ခြေ(Exchange Rate Risk)ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်။

**နိုင်ငံတော်၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်တင်ပြချက်**

၇။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (ရှေ့ပြေးအမှန်စာရင်း)အရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၂.၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၃.၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားသော်လည်း အကောင်အထည်ဖော်နိုင်မှုအရ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂.၄ ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်(ရှေ့ပြေးအမှန်စာရင်း) အရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၂.၈ ရာခိုင်နှုန်းနှင့် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃.၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း)အရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၅.၃ ရာခိုင် နှုန်း ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃.၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

ဇယား (၁)  ၂၀၂၁-၂၀၂၂ (၆)လမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်းစီးပွားရေးအခြေအနေ အကျဉ်းချုပ်


| အကြောင်းအရာ | ၂၀၂၁ -၂၀၂၂ (၆)လ (အောက်တိုဘာလမှ မတ်လ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လ) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လ) | ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) (ဧပြီလမှမတ်လ) |
|---|---|---|---|---|---|
| | စီမံကိန်း ရည်မှန်းချက် | အမှန် | ရှေ့ပြေးအမှန် | ယာယီ | စီမံကိန်း ရည်မှန်းချက် |
| ဂျီဒီပီတန်ဖိုး (ကျပ်ဘီလီယံ) | ၇၄,၈၉၃.၂ | ၇၅,၀၄၄.၇ | ၁၂၅,၃၃၉.၀ | ၁၄၀,၁၉၁.၀ | ၁၅၅,၅၄၃.၅ |
| ဂျီဒီပီတိုးတက်မှုရာခိုင်နှုန်း | ၃.၈ | ၂.၄ | ၃.၄ | ၃.၅ | ၃.၈ |
| ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း | | ၁၄.၆၀ | ၂၄.၃၉ | ၂၇.၅၃ | ၁၃.၆၅ |
| ပို့ကုန်တန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | | ၈,၃၀၈.၄၂ | ၁၆,၆၂၁.၂၉ | ၁၄,၆၃၉.၆၇ | ၁၆,၇၀၀.၀၀ |
| သွင်းကုန်တန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | | ၇,၉၆၄.၉၉ | ၁၇,၃၅၅.၄၇ | ၁၅,၄၇၅.၂၁ | ၁၆,၃၀၀.၀၀ |
| ကုန်သွယ်မှု ပိုငွေ/လိုငွေ (အမေရိကန်ဒေါ်လာသန်းပေါင်း) | | ၃၄၃.၄၃ | -၇၃၄.၁၈ | -၈၃၅.၅၄ | ၄၀၀.၀၀ |


ဇာစ်မြစ်။	စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ

# ၂၀၂၁ -၂၀၂၂(၆)လ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်ဆောင်ရွက်မှု အကျဉ်းချုပ်

## (က) ရငွေအခြေအနေ

ပုံ(၁) ၂၀၂၁-၂၀၂၂ (၆) လ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အထိ စုစုပေါင်းရငွေတွင် ရငွေအမျိုးအစားအလိုက် ပါဝင်မှုအချိုးနှင့် စုစုပေါင်းရငွေနှင့် ဂျီဒီပီအချိုး




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ဇယား (၂) ဗဟိုအဖွဲ့အစည်းများ၊ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေတွင် ရငွေအမျိုးအစားအလိုက် ပါဝင်မှုအချိုး

| ရငွေအမျိုးအစား | ၂၀၂၁-၂၀၂၂ (၆)လ(PA) | | ၂၀၂၂-၂၀၂၃ (PA) | | ၂၀၂၃-၂၀၂၄ (RE) | |
|---|---|---|---|---|---|---|
| | SAO ၊M&D | SEEs | SAO၊M&D | SEEs | SAO ၊M&D | SEEs |
| သာမန်ရငွေ | ၄၁.၈% | ၅၃.၁% | ၄၄.၉% | ၄၈.၃% | ၄၅.၇% | ၄၅.၄% |
| ငွေလုံးငွေရင်းရငွေ | ၀.၁၈% | ၀.၀၂% | ၀.၆% | ၀.၁% | ၀.၉% | - |
| ကြွေးမြီရငွေ | ၂.၅% | ၂.၂% | ၄.၃% | ၁.၈% | ၅.၈% | ၂.၂% |
| **စုစုပေါင်း** | **၄၄.၇%** | **၅၅.၃%** | **၄၉.၈%** | **၅၀.၂%** | **၅၂.၄%** | **၄၇.၆%** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

မှတ်ချက်။ PA: Provisional Actual, RE: Revised Estimate, SAO : State Administrative Organizations, M&D: Ministries & Departments, SEEs: State-owned Economic Enterprises

၈။ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း)နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း) စာရင်းများအရ စုစုပေါင်းရငွေတွင် ရငွေအမျိုးအစားအလိုက်ပါဝင်မှုအချိုးများမှာ သာမန်ရငွေသည် ၉၄.၉ ရာခိုင်နှုန်း၊ ၉၃.၂ ရာခိုင်နှုန်း နှင့် ၉၁.၁ ရာခိုင်နှုန်းဖြစ်၍ ငွေလုံးငွေရင်းရငွေသည် ၀.၄ ရာခိုင်နှုန်း ၊ ၀.၇ ရာခိုင်နှုန်း နှင့် ၀.၉ ရာခိုင်နှုန်းဖြစ်ပြီး ကြွေးမြီရငွေသည် ၄.၇ ရာခိုင်နှုန်း၊ ၆.၁ ရာခိုင်နှုန်းနှင့် ၈.၀ ရာခိုင်နှုန်း ဖြစ်ပါသည်။ ယင်းဘဏ္ဍာရေးနှစ်(၃)နှစ်အတွင်း စုစုပေါင်းရငွေနှင့်ဂျီဒီပီအချိုးမှာ ၁၆.၅ ရာခိုင်နှုန်း၊ ၂၁.၃ ရာခိုင်နှုန်း နှင့် ၁၉.၈ ရာခိုင်နှုန်းတို့ အသီးသီးဖြစ်ပါသည်။

၉။ ကြားကာလဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၁-၂၀၂၂(၆)လ ဘဏ္ဍာရေးနှစ်(ရှေ့ပြေးအမှန်စာရင်း) အပါအဝင် ဘဏ္ဍာရေးနှစ်သုံးနှစ်အတွင်း စုစုပေါင်းသာမန်ရငွေတွင် အခွန်အကောက်ရငွေပါဝင်မှုမှာ ၃၀.၉၇ ရာခိုင်နှုန်း၊ ၃၄.၃၀ ရာခိုင်နှုန်းနှင့် ၃၄.၄၃ ရာခိုင်နှုန်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ(နိုင်ငံတော်သို့ ထည့်ဝင်ငွေ) ပါဝင်မှုမှာ ၈.၈၂ ရာခိုင်နှုန်း၊ ၉.၇၅ ရာခိုင်နှုန်းနှင့် ၁၁.၄၅ ရာခိုင်နှုန်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေပါဝင်မှုမှာ ၅၅.၉၈ ရာခိုင်နှုန်း၊ ၅၁.၈၄ ရာခိုင်နှုန်းနှင့် ၄၉.၈၁ ရာခိုင်နှုန်း၊ အခြားရငွေပါဝင်မှုမှာ ၄.၂၃ ရာခိုင်နှုန်း၊ ၄.၁၁ ရာခိုင်နှုန်းနှင့် ၄.၃၁ ရာခိုင်နှုန်းတို့ အသီးသီး ဖြစ်ပါသည်။ စုစုပေါင်းရငွေတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၏ ရငွေပါဝင်မှုသည် ၄၄.၇ ရာခိုင်နှုန်း၊ ၄၉.၈ ရာခိုင်နှုန်းနှင့် ၅၂.၄ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေပါဝင်မှုသည် ၅၅.၃ ရာခိုင်နှုန်း၊ ၅၀.၂ ရာခိုင်နှုန်းနှင့် ၄၇.၆ ရာခိုင်နှုန်းတို့ အသီးသီး ဖြစ်ပါသည်။ အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၄.၉ ရာခိုင်နှုန်း၊ ၆.၈ ရာခိုင်နှုန်း၊ ၆.၂ ရာခိုင်နှုန်း အသီးသီး ဖြစ်ပါသည်။

**ဇယား (၃) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ ရငွေပါဝင်မှုအချိုး**


| ရငွေအမျိုးအစား | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (PA) | | ၂၀၂၃-၂၀၂၄ (RE) | |
|---|---|---|---|---|---|---|
| | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
| သာမန်ရငွေ | ၈၈.၉% | ၁၁.၁% | ၈၉.၅% | ၁၀.၅% | ၈၉.၄% | ၁၀.၆% |
| ငွေလုံးငွေရင်းရငွေ | ၅၃.၇% | ၄၆.၃% | ၈၀.၃% | ၁၉.၇% | ၆၅.၀% | ၃၅.၀% |
| ကြွေးမြီရငွေ | ၉၈.၈% | ၁.၂% | ၉၇.၀% | ၃.၀% | ၉၉.၃% | ၀.၇% |
| **စုစုပေါင်း** | **၈၉.၁%** | **၁၀.၉%** | **၈၉.၉%** | **၁၀.၁%** | **၈၉.၈%** | **၁၀.၂%** |


ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၀။ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်(ရှေ့ပြေးအမှန်စာရင်း)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း)၊ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်(ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း) စာရင်းများအရ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ စုစုပေါင်းရငွေပါဝင်မှုအချိုးမှာ ၈၉.၁ : ၁၀.၉ ၊ ၈၉.၉ : ၁၀.၁ နှင့် ၈၉.၈ : ၁၀.၂ တို့အသီးသီးဖြစ်ပါသည်။

## (ခ) သုံးငွေအခြေအနေ

ပုံ (၂) ၂၀၂၁-၂၀၂၂ (၆) လမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းသုံးငွေတွင် သုံးငွေအမျိုးအစားအလိုက် ပါဝင်မှုအချိုးနှင့် စုစုပေါင်းသုံးငွေနှင့်ဂျီဒီပီအချိုး




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ဇယား (၄) ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းသုံးငွေတွင် သုံးငွေအမျိုးအစားအလိုက် ပါဝင်မှုအချိုး

| သုံးငွေအမျိုးအစား | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (PA) | | ၂၀၂၃-၂၀၂၄ (RE) | |
|---|---|---|---|---|---|---|
| | SAO ၊ M&D | SEEs | SAO ၊ M&D | SEEs | SAO ၊ M&D | SEEs |
| သာမန်အသုံးစရိတ် | ၆၁.၄% | ၃၇.၅% | ၆၁.၄% | ၃၆.၆% | ၆၁.၉% | ၃၄.၉% |
| ငွေလုံးငွေရင်း အသုံးစရိတ် | ၁၃.၅% | ၂.၆% | ၁၂.၉% | ၃.၁% | ၁၃.၈% | ၃.၅% |
| ကြွေးမြီအသုံးစရိတ် | ၂.၅% | ၂.၅% | ၃.၃% | ၂.၇% | ၃.၃% | ၂.၆% |
| **စုစုပေါင်း** | **၅၇.၄%** | **၄၂.၆%** | **၅၇.၆%** | **၄၂.၄%** | **၅၉.၀%** | **၄၁.၀%** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

မှတ်ချက်။ PA: Provisional Actual, RE: Revised Estimate, SAO : State Administrative Organizations, M&D: Ministries & Departments, SEEs : State-owned Economic Enterprises

၁၁။ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း)နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း) စာရင်းများအရ စုစုပေါင်းသုံးငွေတွင် သုံးငွေအမျိုးအစားအလိုက် ပါဝင်မှုအချိုးများမှာ သာမန်အသုံးစရိတ်သည် ၇၈.၉ ရာခိုင်နှုန်း၊ ၇၈.၀ ရာခိုင်နှုန်းနှင့် ၇၆.၈ ရာခိုင်နှုန်းဖြစ်၍ ငွေလုံးငွေရင်းအသုံးစရိတ်သည် ၁၆.၁ ရာခိုင်နှုန်း၊ ၁၆.၀ ရာခိုင်နှုန်းနှင့် ၁၇.၃ ရာခိုင်နှုန်းဖြစ်ပြီး ကြွေးမြီအသုံးစရိတ်သည် ၅.၀ ရာခိုင်နှုန်း၊ ၆.၀ ရာခိုင်နှုန်း နှင့် ၅.၉ ရာခိုင်နှုန်းဖြစ်ပါသည်။ ယင်းဘဏ္ဍာရေးနှစ်(၃)နှစ်အတွင်း စုစုပေါင်းသုံးငွေနှင့် ဂျီဒီပီအချိုးမှာ ၁၈.၇ ရာခိုင်နှုန်း၊ ၂၄.၁ ရာခိုင်နှုန်းနှင့် ၂၅.၀ ရာခိုင်နှုန်းတို့ အသီးသီး ဖြစ်ပါသည်။

၁၂။ ကြားကာလဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း) အပါအဝင် ဘဏ္ဍာရေးနှစ်သုံးနှစ်အတွင်း စုစုပေါင်းသုံးငွေတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ အသုံးစရိတ်ပါဝင်မှုသည် ၅၇.၄ ရာခိုင်နှုန်း၊ ၅၇.၆ ရာခိုင်နှုန်းနှင့် ၅၉.၀ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အသုံးစရိတ်ပါဝင်မှုသည် ၄၂.၆ ရာခိုင်နှုန်း၊ ၄၂.၄ ရာခိုင်နှုန်း နှင့် ၄၁.၀ ရာခိုင်နှုန်းအသီးသီးဖြစ်ပါသည်။

ဇယား (၅) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ အသုံးစရိတ်ပါဝင်မှုအချိုး

| သုံးငွေအမျိုးအစား | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (PA) | | ၂၀၂၃-၂၀၂၄ (RE) | |
|---|---|---|---|---|---|---|
| | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
| သာမန်အသုံးစရိတ် | ၉၅.၉% | ၄.၁% | ၉၅.၉% | ၄.၁% | ၉၆.၃% | ၃.၇% |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၇၁.၄% | ၂၈.၆% | ၇၁.၃% | ၂၈.၇% | ၇၄.၄% | ၂၅.၆% |
| ကြွေးမြီအသုံးစရိတ် | ၁၀၀% | - | ၁၀၀% | - | ၉၉.၇% | ၀.၃% |
| **စုစုပေါင်း** | **၉၁.၁%** | **၈.၉%** | **၉၁.၁%** | **၈.၉%** | **၉၁.၈%** | **၈.၂%** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၃။ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်(ရှေ့ပြေးအမှန်စာရင်း)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း)၊၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း)စာရင်းများအရ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ စုစုပေါင်းအသုံးစရိတ်ပါဝင်မှုအချိုးမှာ ၉၁.၁ : ၈.၉ ၊ ၉၁.၁ : ၈.၉ နှင့် ၉၁.၈ : ၈.၂ တို့အသီးသီးဖြစ်ပါသည်။

## (ဂ) သီးသန့်ငွေကြေးပမာဏ၊ လိုငွေဖြည့်ဆည်းမှုနှင့် ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ

၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒ (Monetary Policy) ကျင့်သုံးရာတွင် ငွေကြေးပမာဏရည်မှန်းချက် သတ်မှတ်ထားရှိခြင်းနှင့် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်အတွက် သီးသန့်ငွေကြေးပမာဏတစ်ရပ်ကို လုပ်ငန်းရည်မှန်းချက်တစ်ရပ်အဖြစ်ထားရှိပြီး စုစုပေါင်းငွေကြေးပမာဏတစ်ရပ်ကို ကြားခံရည်မှန်းချက်အဖြစ် ထားရှိ၍ ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ သီးသန့်ငွေကြေးပမာဏတွင် ပြည်တွင်းလှည့်လည်သုံးစွဲငွေ၊ ဗဟိုဘဏ်ရှိစာရင်းရှင်အပ်ငွေများ ပါဝင်ပြီး သီးသန့်ငွေကြေးပမာဏကို ပြောင်းလဲစေသောအဓိကအချက်များမှာ (က) အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ (ခ) အသားတင်ပြည်တွင်းရရန်ပိုင်ခွင့်များ (ဂ) အစိုးရကဏ္ဍမှ အသားတင်ရရန်ရှိငွေ (ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ရရန်ရှိငွေ (င) ဗဟိုဘဏ်မှ ပေးရန်တာဝန်များစသည့် ငွေကြေးပမာဏခန့်မှန်းခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ ခန့်မှန်းချက်ကို ရည်မှန်းချက် ထားရှိသည့် သီးသန့်ငွေကြေးပမာဏနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးအဆောက်အအုံသို့ ငွေကြေးထည့်သွင်းလိုပါက ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်းနှင့်

စီးပွားရေး အဆောက်အအုံမှ ပိုလျှံငွေကြေးများကို နှုတ်သိမ်းလိုပါက အပ်ငွေလေလံ (Deposit Auction) များကို ခေါ်ယူခြင်းစသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါသည်။

၁၆။ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်ကို အစိုးရ၏ ဝင်ငွေ၊ ပြည်တွင်း/ပြည်ပမှ ထောက်ပံ့ငွေနှင့် ပြည်တွင်း/ ပြည်ပမှ ချေးယူငွေတို့ဖြင့် ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်မှ ရယူထားသည့်ပြည်ပချေးငွေအများစုမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေနှင့်နှစ်နိုင်ငံ အစိုးရကြား ချေးငွေများဖြစ်ပြီး ပြည်တွင်းမှ ငွေချေးယူခြင်းကိုမူ အစိုးရငွေတိုက်စာချုပ်များ၊အစိုးရ ငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေး ယူခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေ စာရင်း၏ လိုငွေဖြည့်ဆည်းမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ဇယား (၆) ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှုအခြေအနေ**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် |
|---|---|---|
| ၁ | **အစိုးရငွေတိုက်စာချုပ်များ** | |
| | ရောင်းချမှု | ၃,၂၃၉.၅၉၇ |
| | ရွေးနုတ်မှု | ၂,၅၆၂.၇၉၆ |
| | အသားတင်ဖြည့်ဆည်းမှု | ၆၇၆.၈၀၁ |
| ၂ | **အစိုးရငွေတိုက်လက်မှတ်များ** | |
| | ရောင်းချမှု | ၇,၇၀၃.၈၂၈ |
| | ရွေးနုတ်မှု | ၇,၆၇၉.၄၆၅ |
| | အသားတင်ဖြည့်ဆည်းမှု | ၂၄.၃၆၃ |
| ၃ | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ရောင်းချခြင်း** | |
| | ရောင်းချမှု | ၆,၈၈၀.၄၉၁ |
| | ရွေးနုတ်မှု | ၁,၉၇၁.၀၇၂ |
| | အသားတင်ဖြည့်ဆည်းမှု | ၄,၉၀၉.၄၁၉ |
| | **စုစုပေါင်း** | |
| | ရောင်းချမှု | ၁၇,၈၂၃.၉၁၆ |
| | ရွေးနုတ်မှု | ၁၂,၂၁၃.၃၃၃ |
| | အသားတင်ဖြည့်ဆည်းမှု | ၅,၆၁၀.၅၈၃ |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

မှတ်ချက်။ ။ ၃၁-၃-၂၀၂၄ ရက်နေ့အထိ အခြေအနေဖြစ်ပါသည်။

ဇယား (၇) ၃၁-၃-၂၀၂၄ ရက်နေ့ရှိ ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး | စုစုပေါင်းကြွေးမြီ နှင့်ဂျီဒီပီအချိုး |
|---|---|---|---|
| ၂၀၂၂-၂၀၂၃ (၃၁-၃-၂၀၂၃နေ့အထိ) | ၃၇.၈၀% | ၁၇.၇၅% | ၅၅.၅၅% |
| ၂၀၂၃-၂၀၂၄ (၃၁-၃-၂၀၂၄ နေ့အထိ) | ၃၇.၈၀% | ၁၄.၅၁% | ၅၂.၃၁% |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

## ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် ခန့်မှန်းချက်များ

### (က) နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက်

၁၇။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီးတွင် ၁.၉ ရာခိုင်နှုန်း ၊ စက်မှုကဏ္ဍကြီးတွင် ၃.၅ ရာခိုင်နှုန်း နှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၇ ရာခိုင်နှုန်းမှ ၂၂.၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၆ ရာခိုင်နှုန်းမှ ၃၇.၄ ရာခိုင်နှုန်းသို့ လည်းကောင်း ၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၇ ရာခိုင်နှုန်း မှ ၄၀.၀ ရာခိုင်နှုန်း သို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန် ရည်မှန်းထားပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသော ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၃.၆၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ စီမံကိန်းရည်မှန်းချက်များအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆.၇၀၀ ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆.၃၀၀ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃.၀၀၀ ဘီလီယံ နှင့် ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၀.၄၀၀ ဘီလီယံ ဖြစ်ပါသည်။ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(Per Capita GDP)ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၂,၇၄၂,၆၄၃ ဖြစ်ပေါ်လာရန် ရည်မှန်းထားပါသည်။

## (ခ) ရငွေနှင့်သုံးငွေလျာထားချက်များ

၁၈။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေစုစုပေါင်းသည် ကျပ် ၃၄,၇၄၃,၀၂၄.၈၉၃ သန်း ၊ စုစုပေါင်းအသုံးစရိတ်သည် ကျပ်၄၂,၆၂၂,၃၁၂.၆၄၆ သန်း နှင့် စုစုပေါင်းလိုငွေကျပ် ၇,၈၇၉,၂၈၇.၇၅၃ သန်းဖြစ်ပြီး ဂျီဒီပီတန်ဖိုးသည် ကျပ် ၁၅၅,၅၄၃,၅၃၄.၁၀၀ သန်း ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလည်ပတ်မှုကို အရှိန်မြှင့်တင်ရန်နှင့် ပြည်သူလူထုကိုလက်ငင်းအကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များသုံးစွဲရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် လိုငွေနှင့်ဂျီဒီပီအချိုးကို ၅.၀၇ ရာခိုင်နှုန်းဖြင့် ရေးဆွဲထားပြီး စီးပွားရေးတိုးတက်မှုနှုန်းကို ၃.၈ ရာခိုင်နှုန်း ရရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။

**ဇယား (၈) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် ရငွေနှင့်အသုံးစရိတ်ခန့်မှန်းချက်များ**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | **ရငွေများ** | **၃၁,၇၉၃,၃၃၂.၃၇၅** | **၂,၉၄၉,၆၉၂.၅၁၈** | **၃၄,၇၄၃,၀၂၄.၈၉၃** | **၂၂.၃၄%** |
| | သာမန်ရငွေ | ၂၈,၈၇၆,၆၆၁.၁၃၄ | ၂,၈၀၄,၅၉၇.၂၈၀ | ၃၁,၆၈၁,၂၅၈.၄၁၄ | ၂၀.၃၇% |
| | ငွေလုံးငွေရင်းရငွေ | ၄၆၁,၇၅၄.၇၄၇ | ၁၃၈,၉၃၄.၁၀၆ | ၆၀၀,၆၈၈.၈၅၃ | ၀.၃၉% |
| | ကြွေးမြီရငွေ | ၂,၄၅၄,၉၁၆.၄၉၄ | ၆,၁၆၁.၁၃၂ | ၂,၄၆၁,၀၇၇.၆၂၆ | ၁.၅၈% |
| (ခ) | **အသုံးစရိတ်များ** | **၃၉,၆၇၂,၆၂၀.၁၂၈** | **၂,၉၄၉,၆၉၂.၅၁၈** | **၄၂,၆၂၂,၃၁၂.၆၄၆** | **၂၇.၄၀%** |
| | သာမန်အသုံးစရိတ် | ၃၁,၄၄၃,၃၆၆.၅၇၉ | ၁,၁၁၅,၉၃၀.၅၆၅ | ၃၂,၅၅၉,၂၉၇.၁၄၄ | ၂၀.၉၃% |
| | ငွေလုံးငွေရင်းအသုံးစရိတ် | ၅,၈၁၁,၂၅၇.၈၆၇ | ၁,၈၁၅,၅၅၈.၀၄၇ | ၇,၆၂၆,၈၁၅.၉၁၄ | ၄.၉၀% |
| | ကြွေးမြီအသုံးစရိတ် | ၂,၄၁၇,၉၉၅.၆၈၂ | ၁၈,၂၀၃.၉၀၆ | ၂,၄၃၆,၁၉၉.၅၈၈ | ၁.၅၇% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | -၇,၈၇၉,၂၈၇.၇၅၃ | - | -၇,၈၇၉,၂၈၇.၇၅၃ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | ၁၅၅,၅၄၃,၅၃၄.၁၀၀ | | | |
| (င) | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၅.၀၇%** | | | |

ရင်းမြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## (ဂ) ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ

၁၉။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အရအသုံးခန့်မှန်းခြေငွေစာရင်း ရည်မှန်းချက်များနှင့် အသုံးစရိတ်မူဝါဒများအရ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်တင်ရေး ၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအသုံးစရိတ်များ၊ အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာအသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကဖြစ်သော ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာအသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန်တိုးမြှင့်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များကို ဦးစားပေးလျာထားပါသည်။

## (ဃ) အရေးပေါ်ရန်ပုံငွေ

၂၀။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုတွင် ကျပ် ၂၀၀,၀၀၀.၀၀၀ သန်း ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအတွက် ကျပ် ၁၅,၀၀၀.၀၀၀ သန်း ဖြစ်ပါသဖြင့် စုစုပေါင်း ကျပ် ၂၁၅,၀၀၀.၀၀၀ သန်း ထည့်သွင်းလျာထားပါသည်။

**ဇယား (၉) ပြည်ထောင်စု၊နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွက်အရေးပေါ်ရန်ပုံငွေ**

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၂၁-၂၀၂၂ (၆)လ (PA) | ၂၀၂၂-၂၀၂၃ (PA) | ၂၀၂၃-၂၀၂၄ (RE) | ၂၀၂၄-၂၀၂၅ (BE) |
|---|---|---|---|---|
| အရေးပေါ်ရန်ပုံငွေ | ၃၉,၆၈၆.၁၁၃ | ၆၈,၈၄၄.၉၄၄ | ၁၁၅,၀၀၀.၀၀၀ | ၂၁၅,၀၀၀.၀၀၀ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

မှတ်ချက်။ PA: Provisional Actual၊ RE: Revised Estimate၊ BE: Budget Estimate

## (င) ပြည်ထောင်စုမှ ထောက်ပံ့ငွေ

၂၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ပြည်ထောင်စုမှထောက်ပံ့ငွေပေးရာတွင် နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့် ညွှန်းကိန်း(၆)ခုအပေါ် အခြေခံ၍ ထောက်ပံ့ငွေပမာဏတွက်ချက်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အချိုးကျမျှတမှုရှိစေရန်

ခွဲဝေလျာထားခြင်း ဖြစ်ပါသည်။၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက် ထောက်ပံ့ငွေမှာ ကျပ် ၁,၉၂၁,၇၆၄.၇၄၃ သန်း ဖြစ်ပါသည်။

**ဇယား (၁၀)   ပြည်ထောင်စုမှတိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက်ထောက်ပံ့ငွေ**

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၂၁-၂၀၂၂ (၆)လ (PA) | ၂၀၂၂-၂၀၂၃ (PA) | ၂၀၂၃-၂၀၂၄ (PA) | ၂၀၂၄-၂၀၂၅ (BE) |
|---|---|---|---|---|
| ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ၁,၀၆၂,၉၈၇.၀၅၃ | ၂,၁၁၀,၅၂၁.၂၁၀ | ၁,၈၉၇,၉၇၅.၉၇၃ | ၁,၉၂၁,၇၆၄.၇၄၃ |

ဇာစ်မြစ်။   ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## (စ)   အခွန်ဝေစု

၂၂။   ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် အခွန်ဝေစုနှင့်ပတ်သက်၍ နိုင်ငံပိုင်ကဏ္ဍတွင် သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရငွေမှအပဖြစ်သည့် ကျပ်ငွေဖြင့်ကောက်ခံရရှိခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ ရာခိုင်နှုန်းကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်းကိန်းများဖြင့် တွက်ချက်၍ ခွဲဝေပေးပြီး၊ ပုဂ္ဂလိကကဏ္ဍနှင့်သမဝါယမကဏ္ဍတို့တွင် သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရငွေမှအပဖြစ်သည့် ကျပ်ငွေဖြင့်ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရငွေ၏ ၁၅ရာခိုင်နှုန်းကို လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့်ဝင်ငွေခွန်ကောက်ခံရငွေ၏ ၅ ရာခိုင်နှုန်းကို လည်းကောင်း၊ အထူးကုန်စည်များ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ကောက်ခံရငွေနှင့် နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့မှ ကောက်ခံရငွေမှအပဖြစ်သော အထူးကုန်စည်ခွန် ကောက်ခံရငွေ၏ ၁၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၃-က အရ ထမ်းဆောင်ရမည့် အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကောက်ခံရရှိသည့် ရငွေအပေါ်မူတည်၍ ခွဲဝေပေးပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ခွဲဝေပေးသည့် အခွန်ဝေစုမှာ ကျပ် ၃၁၀,၀၀၀.၀၀၀ သန်း ဖြစ်ပါသည်။

**ဇယား (၁၁)   ပြည်ထောင်စုမှတိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေပေးခြင်း**

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၂၁-၂၀၂၂ (၆)လ (PA) | ၂၀၂၂-၂၀၂၃ (PA) | ၂၀၂၃-၂၀၂၄ (RE) | ၂၀၂၄-၂၀၂၅ (BE) |
|---|---|---|---|---|
| အခွန်ဝေစု | ၁၃၄,၉၅၂.၄၁၄ | ၃၅၉,၈၄၀.၆၈၅ | ၅၀၁,၇၇၃.၀၇၈ | ၃၁၀,၀၀၀.၀၀၀ |

ဇာစ်မြစ်။   ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန

## (ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ

၂၃။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ၁-၉-၂၀၂၂ မှ ၃၀-၆-၂၀၂၄ နေ့အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ကျပ် ၃၁၉ ဘီလီယံ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ရန်ပုံငွေကျပ် ၅၀ ဘီလီယံ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ကျပ် ၁၅၂ ဘီလီယံ အပါအဝင် စုစုပေါင်းကျပ် ၅၂၁ ဘီလီယံ ထောက်ပံ့ပေးခဲ့ပါသည်။

၂၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (MSME ရန်ပုံငွေ) ထူထောင်ရန် ကျပ် ၁၇၀ ဘီလီယံအား ထောက်ပံ့ပေးခဲ့ပါသည်။

**ဇယား (၁၂) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် MSME ရန်ပုံငွေအခြေအနေ**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (BE) အထိ |
|---|---|---|
| ၁။ | နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ | ၅၂၁.၀ |
| ၂။ | MSME ရန်ပုံငွေ | ၁၇၀.၀ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## (ဇ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၅။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ စုစုပေါင်းရငွေသည် ကျပ် ၁၆,၄၆၂,၉၃၀.၉၇၅ သန်းဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်သည် ကျပ် ၁၇,၄၄၆,၂၅၉.၃၇၁ သန်း ဖြစ်၍ လိုငွေကျပ် ၉၈၃,၃၂၈.၃၉၆ သန်း ဖြစ်ပါသည်။

## (ဈ) အစိုးရ၏ လိုငွေဖြည့်ဆည်းခြင်း

၂၆။ အစိုးရ၏လိုငွေဖြည့်ဆည်းရာတွင် ပြည်ပမှ ငွေချေးယူခြင်းဖြင့်လည်းကောင်း၊ ပြည်တွင်းမှ ငွေချေးယူခြင်းဖြင့်လည်းကောင်း ဖြည့်ဆည်းပါသည်။ ပြည်တွင်းမှငွေချေးယူခြင်းဖြင့် ဖြည့်ဆည်းရာတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှငွေချေးယူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအတွက် ဘတ်ဂျက်လိုငွေ ကျပ် ၇,၈၇၉,၂၈၇.၇၅၃ သန်း ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ငွေချေးစာချုပ်ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိနိုင်သည့် ငွေစုစုပေါင်းသည် ကျပ် ၉,၆၀၀,၀၀၀.၀၀၀ သန်း (ကျပ်သန်းပေါင်းကိုးသိန်းခြောက်သိန်း) ထက်မကျော်လွန်စေရန် သတ်မှတ်ထားပြီး ယင်းတွင်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်ပါသည်။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ဦးစားပေးအစီအစဉ်များ

၂၇။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းသည် နိုင်ငံတော်မှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့ ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၈။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးမြှင့်တင်လျက်ရှိပြီး ဘတ်ဂျက်ခွဲဝေချထားပေးရာတွင် အသုံးစရိတ်များကို ထည့်သွင်းလျာထားပေးသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစသည့် ရန်ပုံငွေများကို ထူထောင်ပေးပြီး ရင်းနှီးမြှုပ်နှံငွေလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၉။ ဌာနအဖွဲ့အစည်းများမှ အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားရာတွင် အမှန်အကောင်အထည်ဖော်နိုင်မှုအပေါ် နီးစပ်အောင် လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ လျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုနိုင်မည့် လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် အသုံးစရိတ်များကို

ဦးစားပေးလျာထားသုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ်တကျ စိစိစစ်စစ်သုံးစွဲခြင်းစသည့် အချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၃၀။ နိုင်ငံတော်တွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ အားကစား၊ သာသနာရေးနှင့် ယဉ်ကျေးမှုစသည့် အသုံးစရိတ်များကိုလည်း လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါသည်။

၃၁။ စီမံကိန်းကြီးများနှင့်ပတ်သက်၍ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် နိုင်ငံအတွက် အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေးဆောင်ရွက်ခြင်း၊ လတ်တလော ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို လျှော့ချဆောင်ရွက်ခြင်း၊ အရှုံးပေါ်နေသည့် စီမံကိန်းများကို ပြန်လည်စိစစ်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးအတွက် မဖြစ်မနေရင်းနှီးမြှုပ်နှံရမည့် စီမံကိန်းများကို နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၃၂။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များ သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရေး၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ စာရင်းစစ်ဆေးမှုခံယူရေး စသည်တို့ကို အမိန့်ညွှန်ကြားချက် ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

၃၃။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဓိကရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါသည်။

## ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများ

၃၄။ အခွန်ရငွေနှင့်ဂျီဒီပီအချိုး တိုးမြှင့်ရန်လိုအပ်ခြင်း၊ နိုင်ငံတော်အစိုးရသည် စီးပွားရေးပြန်လည်ဦးမော့လာစေရန် အသုံးစရိတ်များဆက်လက် မြှင့်တင်သုံးစွဲရ၍ ဘတ်ဂျက်လိုငွေပြမှု ဆက်လက်ဖြစ်ပေါ်ခြင်း၊ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေပြညွှန်းကိန်းများအရ အရအသုံးခန့်မှန်းခြေငွေစာရင်း၏ လိုငွေနှင့်ဂျီဒီပီအချိုးကို ရှိသင့်သည့်ပမာဏအတိုင်းအတာအတွင်း ထိန်းသိမ်းဆောင်ရွက်ရခြင်း၊ နိုင်ငံတော်၏ အခြေခံအဆောက်အဦလိုအပ်ချက်များအတွက် လျာထားခြင်း၊ နိုင်ငံတော်၏ လိုငွေများကြောင့် ရယူထားသည့် ပြည်တွင်းပြည်ပကြွေးမြီများ၏ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းရန်လိုအပ်ခြင်းနှင့် နှစ်စဉ်လိုလိုဖြစ်ပေါ်လျက်ရှိသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသုံးစရိတ်များ သုံးစွဲရခြင်းတို့ဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ**

၃၅။ နိုင်ငံခြားငွေလဲလှယ်နှုန်းမတည်ငြိမ်ခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်မားခြင်း၊ အထွေထွေကုန်စျေးနှုန်းကြီးမြင့်မှု၊ စီးပွားရေးပိတ်ဆို့မှုနှင့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးငွေများရပ်ဆိုင်းထားမှုများသည် စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

**ဘဏ္ဍာရေးမဟာဗျူဟာ**

၃၆။ ဘဏ္ဍာရေးမဟာဗျူဟာအား ကာလတိုနှင့် ကာလရှည်ခွဲခြားထားပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုးအား စီးပွားရေးတည်ငြိမ်စေသည့် အဆင့်တွင်ထားရှိဆောင်ရွက်မည် ဖြစ်ပါသည်။ အစိုးရ၏ဘဏ္ဍာရေးမူဝါဒ၏ အသုံးစရိတ်မူဝါဒတွင် စီးပွားရေးတိုးတက်မှုကိုမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ပြည်သူတို့၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်သုံးစွဲမည်ဖြစ်ပါသည်။

၃၇။ ကာလတိုမဟာဗျူဟာတွင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု၏ စီးပွားရေးအဆိုးသက်ရောက်မှုများ လျော့ပါးသက်သာစေရေး၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်စျေးနှုန်းများ တည်ငြိမ်ရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးတည်ငြိမ်မှုရှိလာစေရန် ဖြစ်ပါသည်။ အခွန်များစနစ်တကျကောက်ခံခြင်းဖြင့် ရငွေများတိုးတက်ရရှိအောင်ဆောင်ရွက်ပြီးပြည်သူ့အကျိုးစီးပွားအတွက်အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ်သောအသုံးစရိတ်များနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုသည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲခြင်းဖြင့် စုစုပေါင်းဝယ်လိုအားတိုးတက်စေကာ ကုန်ထုတ်လုပ်မှု တိုးတက်စေရန်၊ ပြည်တွင်းစားသုံးမှုဖူလုံစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရန်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများတိုးတက်စေခြင်းတို့ဖြင့် နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန် ဖြစ်ပါသည်။

၃၈။ ကာလရှည်မဟာဗျူဟာတွင် ရငွေတိုးတက်ရရှိရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမဟုတ်ဘဲ Tax Base ချဲ့ခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် မဟာဗျူဟာကျကျ ဘတ်ဂျက်ခွဲဝေမှုများဆောင်ရွက်ရေး၊ အသုံးစရိတ်များကို အကျိုးရှိ

ထိရောက်စွာသုံးစွဲနိုင်ရေးနှင့် သက်သာမှုရှိသော ပြည်ပချေးငွေများကို ရွေးချယ်ရယူရေးနှင့် ဘတ်ဂျက်လိုငွေ လျော့နည်းအောင် ဆောင်ရွက်ရေးတို့ ဖြစ်ပါသည်။

**နိဂုံး**

၃၉။ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်သူ့ဘဏ္ဍာငွေများသာဖြစ်ပါသည်။ အစိုးရက ပြည်သူ့ကိုယ်စားကိုင်တွယ်၍ စီမံဆောင်ရွက်ခြင်းသာဖြစ်ပါသည်။ အစိုးရမှ ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင် ပြည်သူများ အမှန်တကယ် အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ရငွေတိုးမြှင့်ရရှိရေးနှင့် ထိရောက်အကျိုးရှိသော အသုံးစရိတ်ဖြစ်စေရေးတို့ဖြင့် ပိုမိုကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ရည်ညွှန်းစာရင်း

၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိန်းဂဏန်းအချက်အလက်များ

၂။ ဗဟိုစာရင်းအင်းအဖွဲ့မှ ကိန်းဂဏန်းအချက်အလက်များ

၃။ ငွေတိုက်ဦးစီးဌာနမှ ကိန်းဂဏန်းအချက်အလက်များ

၄။ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကိန်းဂဏန်းအချက်အလက်များ

၅။ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ဘတ်ဂျက်ဌာနခွဲ(၁) မှ ကိန်းဂဏန်းအချက်အလက်များ

၆။ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ဘတ်ဂျက်ဌာနခွဲ(၃) မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ

၇။ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရေးဌာနခွဲမှ ကိန်းဂဏန်းအချက်အလက်များ

၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ဘဏ္ဍာရေးနှစ်ချုပ်အစီရင်ခံစာ)

၉။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ၊ အမျိုးသားစီမံကိန်းဥပဒေ

၁၀။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၁၁။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်